Education & Communities

# Getting ready for school

## A guide for parents of a child with disability

# ကျောင်းတက်ရန်ပြင်ဆင်ခြင်း

## မသန်မစွမ်း ခလေးများ၏ မိဘများ အတွက် လမ်းညွှန်။







Burmese



Kindergarten မူလတန်းကျောင်း စ
တက်ရခြင်းသည်၊ ခလေးတိုင်း
အတွက်တက်ကြွစရာ ဖြစ်သည်။
ခလေးအတွက်ကျောင်း
ရွေးချယ်ရသည် မှာ လည်း၊
မိဘများအတွက် အရေးကြီး သည့်
ဆုံးဖြတ်ချက် ဖြစ်ပြီး၊
မသန်စွမ်းသည့်ခလေး များ ၏
မိဘများအဖို့၊ ပို၍ရှုပ် သည့်
အစီအစဉ်ဖြစ် သည်။
ဤလမ်းညွှန်မှာ
သင့်ခလေးလိုအပ်ချက်များ
ဖြည့်စည်း ပေးနိုင်ရန်ပြင်ဆင်ရာတွင်
အထောက်အကူ ပြုရန်စီစဉ်ထားသည်။

# မည်သည့်နေရာကစ ရ မည် နည်း။

- သင်၏ခလေးသည် မသန်မစွမ်းဖြစ်ခဲ့လျှင်၊ ခလေးကျောင်း စမတက်မှီ ရပ်ကွက်တွင်း ရှိ ကျောင်း (သို့) ဒေသ ဆိုင်ရာ ရုံးကို (၁၂) လ ကြိုတင်၍ အဆက် အသွယ် ပြုပါ။ သို့မှသာလျှင် သင့်ခလေး ၏ အထူးလိုအပ်ချက်များ အတွက် လိုအပ်သည့် အထောက်အကူများ၊ ရ နိုင်ရန် သက်ဆိုင်ရာ ဝန်ထမ်း များ နှင့် ဆွေးနွေး သည့် အခွင့်အရေး ရ မည်ဖြစ် သည်။
- သင်၏ခလေးသည် ကိုယ်ကာယ နှင့် ပတ်သက်သည့် အထောက်အကူလိုအပ် ခဲ့လျှင်၊ ခလေးကျောင်း စမတက် မှီ (၂) နှစ် ကြိုတင်၍ ရပ်ကွက် အနီးအနား ရှိ ကျောင်း (သို့) ဒေသ ဆိုင်ရာ ရုံးကို အဆက် အသွယ် ပြုပါ။ သို့မှသာလျှင် သင့်ခလေး ၏ လိုအပ်ချက်များ ကို ပညာရေးဌါနမှ ဖေါ်ထုတ်ပြီး ခလေးကျောင်းတက် သည့် အခါ လို အပ်သည့် အထောက်အကူပြုသည့် အရာ များ ကို တည်ဆောက် နိုင် ချိန်ရ မည်ဖြစ် သည်။
- ကျောင်းအုပ်ကြီး နှင့်သွားရောက်တွေ့ဆုံ သည့် အခါ၊ နောက်ဆုံး ရ ဆေး လက်မှတ်များ၊ ကုသမှု စီစစ်ခြင်းများ ကို ယူဆောင်သွားပါ။
- သင့်ကိုအထောက်အကူ ပေးနေသည့် ကွန်ယက်အတွင်းမှ အဖွဲ့ဝင်များ နှင့် ဆွေးနွေးပါ။ (ဥပမာ။ မိသားစု၊ မိတ်ဆွေ၊ ဆရာဝန်၊ ခလေးအထူးကု၊ လိုအပ်ချက်၊ဆော်ဩတောင်းဆိုမှုများ ပြုလုပ်ပေးသည့်အဖွဲ့၊ မသန်မစွမ်းဆိုင်ရာအဖွဲ့၊ အကြောဆိုင်ရာ ကျွမ်းကျင်သူ၊ ပြန်လည်ထူထောင်ရေး ဆိုင်ရာ ပညာ ရှင်၊ စကားပြောနိုင်ရန်ကုသ စောင့်ရှောက်ကျွမ်းကျင် ပညာရှင်) နှင့် ကျောင်း မှ အခြားမသန်မစွမ်းသည့် ခလေး များ ၏ မိဘများ နှင့်တိုင်ပင် ဆွေးနွေးပါ။
- မူကြိုကျောင်း(သို့)အခြား ခလေးစောင့်ရှောက်ရေး လုပ်ငန်းများကလည်း ကျောင်းစတက် ရန် အတွက်အထောက် အကူ ပေး နိုင် သည်။ သင့်ခလေးအနေဖြင့် ဤကဲ့သို့သော အထောက် အကူ မျိုး မ ရှိ ခဲ့လျှင် ရပ်ကွက်တွင်း ရှိ ကျောင်း (သို့) ဒေသ ဆိုင်ရာ ရုံးကိုဆက်သွယ်ပါ။ ၎င်းတို့က ကျောင်းသို့ ကူးပြောင်းသည့် အထူး အစီအစဉ်ကို သင်နေထိုင်သည့် ရပ်ကွက် အနီးအနားတွင် စီစဉ် ပေးကောင်း ပေး နိုင် မည် ဖြစ် သည်။ သင့်အိမ်မှ နေ ၍ ဒေသဆိုင်ရာ ရုံး၊ ဖုံး နံပါတ် 131 536 သို့ ဆက်သွယ်နိုင်သည်။





## ကျောင်းစါရင်း သွင်းရန် ရွေးချယ်ခြင်း

- NSW ပြည်နယ်တခွင်တွင်၊ ပညာရေးနှင့်လူ့အဖွဲ့အစည်း ဆိုင်ရာ ဌါန (Department of Education and Communities) (DEC) က အထူးအကူ အညီ လိုအပ်သည့် ကျောင်းသားများအတွက်၊ အထောက်အကူ ပေးသည့် ဝန်ဆောင်မှု အမျိုးစုံ ရှိသည်။
- မသန်မစွမ်းသည် ဟုအတည်ပြု ပြီးသည့် ခလေး ၏ မိဘ (သို့) အုပ်ထိန်းသူ အနေဖြင့်၊ သင်သည်အောက်ပါ ပညာရေး ရွေးချယ်မှုများ ကို ပြုလုပ်နိုင်သည်။
  - သင့်ရပ်ကွက် အနီး ရှိကျောင်း
  - သာမန်ကျောင်း တခုတွင်း အထူး သင်တန်း
  - အထူးကျောင်း (အထူး သီးသန့် ရည်ရွယ်ချက် ရှိသည့် ကျောင်း)

## သင့်လျော် သည့် ကျောင်း ရွေးချယ်မှု ပြုလုပ် နိုင် ရန်

သင့်အနေဖြင့် မှန်ကန်သည့် ရွေးချယ်မှုပြုလုပ် နိုင် ရန်၊ ကျောင်းအုပ်ကြီး က ကျောင်းမှ အထောက်အကူပေး သည့် ဝန်ထမ်းအဖွဲ့ က သင့်အား ခလေးနှင့် သင့်တော် ကိုက်ညီ သည့် ကျောင်း ကို၊ သင်၏ ရွေးချယ်မှုများ၊ ခလေးအတွက် အထူးလိုအပ်သည့် ပညာသင်ကြားမှုများ၊ အထောက်အကူ လိုအပ်ချက်များ၊ နှင့် လိုအပ်မည် ဖြစ် သည့် ဆေးကုသမှုများ ကို ပါ ထည့်သွင်း စဉ်းစား ၍ ကူညီ ပေးမည်ဖြစ် သည်။ သင်၏ ဒေသဆိုင်ရာရုံးကလဲ သင့်ခလေး နှင့် ပတ်သက် သည့် မှန်ကန်သည့် ရွေးချယ်မှု ကို ကူညီ ရှာပေး နိုင်မည် ဖြစ် သည်။

## မသန်မစွမ်း ဖြစ် သည့်ခလေး ကို ကျောင်း စါရင်းသွင်းခြင်း

- ပုံမှန်စာသင်တန်းသို့ တက်ရောက်ခြင်း ကို ရပ်ကွက်တွင်း ရှိ ကျောင်း တွင်ပြုလုပ် နိုင်သည်။
- အထူးသင်တန်း (သို့) အထူးကျောင်း သို့ ကျောင်းစါရင်း သွင်းလို လျှင် ဒေသရုံး နေရာချထားရေး အဖွဲ့ကစီ စဉ် ဆောင် ရွက်သည်။
- ဤ အကြောင်းအရာများ သိ လို ပါ က ဒေသ ဆိုင် ရာ ရုံး ဖုံးနံပါတ် 131 536 ကို သင့် အိမ်မှ ဆက်သွယ်စုံစမ်း နိုင် သည်။

## လိုအပ်သည့် စါရင်း လုပ်ဂန်

- သင့်ရပ်ကွက်တွင်း ရှိ ကျောင်းကို ရှာ ရန်၊ ကျောင်း မှ အွန်လိုင်း ရှာဖွေသည့် စနစ် နှင့် ရှာ နိုင် သည်။ www.schools.nsw.edu.au/schoolfind/locator/ ဤနေရာတွင် အထူးကျောင်းအမျိုးအစား လိုက်၊ အထူးရည်ရွယ်ခ ျက်ဖြင့်စီစဉ်ထားသည့်ကျောင်းများ ဖြစ်၍၊ ဤကျောင်းများ သို့ ဝင်ခွင့်များကို ဒေသဆိုင်ရာ ရုံးများက စီစဉ်ပေးခြင်းဖြစ်သည်။ သင့်အိမ် ဖုံးမှတဆင့်၊ သက်ဆိုင်ရာ ဒေသ ရုံး သို့ ဖုံးနံပါတ် 131 536 ဖြင့်အဆက်အသွယ်ပြု နိုင် သည်။
- သင့်ခလေး၏ အထူးလိုအပ်ချက်များ၊ သင့်အနေနှင့် ရွေးချယ် နိုင် သည်များ ကို ဆွေးနွေး နိုင်ရန် ကျောင်းအုပ်ကြီး နှင့် ချိန်းတွေ့ပါ။ မိဘ တချို့ကလည်း အဖေါ်တယောက်ခေါ်သွားခြင်းဖြင့် ပို၍ အား ရှိ တတ်ကြ ပါသည်။
- နောက်ဆုံး ကျမ်းမာရေးဆိုင်ရာ စီစစ်ထားချက်တွေ ကို ဌါန ဆိုင်ရာ ဝန်ထမ်းများ ကို ပြသ နိုင်ရန် ရက်ချိန်း နေ့တွင်ယူ ဆောင် လာ ပါ။
- တွေ့ဆုံဆွေးနွေး ပွဲတွင်၊ သင့်ခလေး နှင့် ပတ်သက် သည့် ပညာရေး ဆိုင် ရာ လိုအပ်ချက်များ နှင့် ပတ်သက်၍ သိရန် လိုသည့် အကြောင်း အရာများ ကို မေး နိုင်ရန် မေးခွန်းများကို ရေး ချ ထား ပါ။



## နောက်ထပ် အထောက် အပံ့များ။

သင့်ခလေးသည် မသန်မစွမ်းဖြစ်လျှင် ၄င်း၊ ပညာသင်ကြားရာတွင်အခက်အခဲရှိ လျှင်၄င်း၊ ကျောင်းတွင် နောက်ထပ် အကူအညီ လိုအပ်လျှင် ၄င်း၊ ရပ်ကွက် အနီးအနား ရှိ ကျောင်းမှာ ကျောင်းအုပ်ကြီး (သို့) ဒေသ ဆိုင်ရာ ရုံးကို အဆက် အသွယ် ပြုပါ။

ခလေးများအနေဖြင့်၊ အားသာချက်များ၊ အစွမ်းအစများနှင့် လိုအပ်ချက်များ ကို မိဘများ က သာလျှင်အသိဆုံးဖြစ် ပါသည်။ မိဘများ က ကျောင်း နှင့် ထိရောက် စွာ ပူးပေါင်း လုပ်ကိုင်ဆောင် ရွက် လျှင် ခလေး အတွက်၊ အကောင်းဆုံး ရလဒ်များ ကို ရမည် ဖြစ် သည်။

စာသင်ကြား မှု အထောက်အကူ ပြု သည့် အဖွဲ့ သည် အတန်း ပိုင်ဆရာများ ကို၊ ခလေးများ ၏ပညာရေး အတွက် အထောက် အပံ့များပေး သည်။ မိဘများ၊ အုပ်ထိန်းသူ များ သည်၊ ၄င်း စာသင်ကြား မှု အထောက် အကူ ပြု အဖွဲ့ များ နှင့် ခလေး ၏ လို အပ်ချက်များအတွက် အစီအစဉ်များချ ရာ တွင် အရေးကြီး သည့် ကဏ္ဍ မှ ပါ၀င် ရန်လိုအပ် သည့် အတွက်ကြောင့်၊ တိုင်ပင်ဆွေးနွေး မှုများတွင်ပါ ၀င်ရန်လိုအပ်သည်။

ခလေး တဦးတယောက် စီ အပေါ် မူတည် ၍၊ မသန်မစွမ်းသည့် ခလေးများ၊ စာသင် ရန် အခက် အခဲ ရှိ သည့် ခလေးများ အတွက် NSW ပြည်နယ်က အစိုးရကျောင်းတွေက နောက်ထပ်အကူအညီ အမျိုးမျိုးပေးပါသည်။

၄င်းတို့မှာ၊

- အတန်းပြဆရာများက အတန်းထဲတွင် သင်ပုံသင်နည်း အစီအစဉ်များ ကိုနေ့စဉ် ပြောင်းလဲမှုများပြုလုပ် ပေးပါသည်။
- ခလေးများ နှင့် အတန်းဆရာများ ကိုအထောက်အကူပေး နိုင်သည့် အထူးကျွမ်းကျင် ပုဂ္ဂိုလ် များ ကိုဆက်သွယ်ပေးခြင်း
- အထောက်အပံ့ပေး သည့် ၀န်ထမ်များ အတန်းထဲ တွင်နောက်ထပ် အကူအညီပေးခြင်း
- အထူးအသုံးချ ရန်လိုအပ် သည့် ပစ္စည်းကရိယာ များ ကို ချ ပေးခြင်း
- အတန်းပြဆရာများ၊ အထောက်အကူ ပေး နေ သည့် ၀န်ထမ်းများ ကို အထူး သင်တန်းများရရှိ နိုင် ရန်ဆောင် ရွက်ခြင်း

# ကျောင်းများ မှ ရ နိုင်သ ၍ ရယူခြင်း

- သင့်ခလေး အတွက် ကျောင်းကို ရွေးချယ်ပြီး လျှင်၊ ကျောင်း နှင့်အတူ တတ် နိုင်သမျှ ပါဝင်လုပ်ကိုင်ဆောင် ရွက်ပါ။ ကျောင်းမှ ဆရာများ နှင့်လဲ အဆက်အသွယ်ကောင်း ရှိ အောင် ဆောင် ရွက်ပါ။ ကျောင်းဝန်ထမ်းများ အနေဖြင့်၊ သင့် ကို ၄င်း၊ သင့်ခလေး ကို ၄င်း ပို ၍သိကျွမ်းခွင့် ရမည် ဖြစ်သည်။
- သင့်ခလေး ၏ ပညာသင်ကြား မှု တိုးတက်မှု အခြေအနေ၊ သို့မဟုတ် ခလေး နှင့်ပတ်သက်သည့် ကိစ္စ အသစ်များ ကို အတန်းဆရာနှင့် အဆက်အသွယ် မပြတ်အောင် အမြဲတန်းအဆက်အသွယ် ဆွေး နွေးပါ။
- ကျောင်းနှင့်အိမ် ကြားတွင် အထိရောက်ဆုံး အဆက် အသွယ် ပြုလုပ် နိုင်မည့် နည်းကို ဆွေးနွေးပါ။ မိဘတပါး အနေဖြင့်သင့်ခလေး အကြောင်း ကို သင်က အသိ ဆုံး ဖြစ် ပါသည်။ သင်ကခလေး ၏ အထောက်အကူ အကြီး ဆုံး ပေး သူ ဖြစ် ပါ စေ။
- ကျောင်း နှင့် အဆက်အသွယ်ပြု လုပ်ရန် စကားပြန် လိုအပ် ပါက၊ စကားပြန်ဌါန ဖုံးနံပါတ် 131 450 ကို ဆက်သွယ်၍ မြန်မာ စကားပြန်တောင်းပါ။ အော်ပရေတာ ကကျောင်းကိုခေါ်ပေး၍ စကားပြန်ကိုလဲ စကာပြောပေး ရာတွင် အထောက်အကူပေး ရန်အတွက် အဆင်သင့်ဆက်သွယ်ထားမည်ဖြစ်သည်။ ဖြစ် နိုင်လျှင် ကျောင်းက စကားပြန် ကိုလည်း ကျောင်း တွေ့ဆုံဆွေးနွေး ပွဲ များတွင်၊ ခေါ်ခိုင်း ပါ က ခေါ်ပေးမည် ဖြစ်သည်။ ဤ ဝန်ဆောင်မှု မှာ အခကြေး မဲ့ ဖြစ် သည်။








## နောက်ထပ် အထောက် အကူများ

- www.schools.nsw.edu.au/gotoschool/enrolment/index.php (အင်္ဂလိပ် ဘာသာ ဝဗ်ဆိုက်)
- *ကျွန်ုပ်ခလေးကိုမည်သူသင်ပေးမည်နည်း? (Who's Going to Teach My Child?)* (အင်္ဂလိပ်ဘာသာဖြင့်သာ) www.schools.nsw.edu.au/media/downloads/schoolsweb/studentsupport/programs/lrngdificulties/whoteach.pdf
- အရေးကြီး သည့် ဆက်သွယ်မှုတံတားများ DVD (Critical Bridges DVD) (အင်္ဂလိပ်ဘာသာဖြင့်သာ) www.det.nsw.edu.au/detresources/critbridges_YKSeRaDPnn.pdf
- ကျောင်းစတက်ခြင်း DVD (Starting School DVD) (အာရဗ်၊ ကွမ်းတုံ၊ ဒါရီ၊ ဒင်ကာ၊ အင်္ဂလိပ်၊ ကိုးရီးယား၊ တရုတ်၊ ဗီယက်နမ် ဘာသာများ ဖြင့် ရ ရှိ နိုင် သည်။) အောက်ပါ အဆက်သွယ်မှ တဆင့် မှာကြားနိုင်သည်။ Gowrie NSW on (02) 8571 9700

**NSW Department of Education and Communities**

## ဒေသဆိုင်ရာ ရုံး များကို ဆက်သွယ် နိုင် သည့် နံပါတ်များ။

**Regional office contact numbers**

| | |
|---|---|
| Hunter/Central Coast | 4924 9999 |
| Illawarra & South Coast | 4222 2929 |
| New England | 6755 5934 |
| North Coast | 6652 0500 |
| Northern Sydney | 9886 7690 |
| Riverina | 6937 3871 |
| South Western Sydney | 9796 5446 |
| Sydney | 9217 4877 |
| Western NSW | 6841 2110 |
| Western Sydney | 9208 9359 |

# ကျွန်ုပ်၏အဆက်အသွယ်များ (My contacts)

ရပ်ကွက်အနီးကျောင်း (Local school:)

ကျောင်းအုပ်ကြီး ၏အမည်း (Principal name:)

ဖုံး (Phone:)

မှတ်ချက်များ (Notes:)

မဒေသဆိုင်ရာရုံး (Regional office)

ဆက်သွယ်နိုင်သူအမည်း (Contact name)

ဖုံး (Phone:)

မှတ်ချက်များ (Notes:)

© April 2012
NSW Department of Education and Communities

GPO Box 33
Sydney NSW 2001
Australia
T (02) 9561 8000
www.det.nsw.edu.au

NSW GOVERNMENT | Education & Communities